ကြက်ပေါင်ချောင်းကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြက်ပေါင်ချောင်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကြက်ပေါင်ချောင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| **၆။** | **ပညာရေး** | ၉ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| **၈။** | **ဘာသာရေးအဆောက်အဦးများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၉ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**<br>
**ကြက်ပေါင်ချောင်းကျေးရွာ**<br>
**ထားဝယ်မြို့နယ်**

# ကြက်ပေါင်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကြက်ပေါင်ချောင်းကျေးရွာသည် ထားဝယ်မြို့နှင့် (၄၀) မိုင် ကွာဝေးပြီး ထားဝယ်-မေတ္တာကားလမ်းပေါ်ရှိ တောင်သုံးလုံးကျေးရွာမှ (၁၇)မိုင်ခန့်အကွာတွင် တည်ရှိသောကြောင့် ဆက်သွယ်သွားလာရ မလွယ်ကူလှပါ။ အိမ်နီးချင်းကျေးရွာများဖြစ်သော ဟိန္ဒား ကျေးရွာ၊ ရေပူဝကျေးရွာ၊ ဖွတ်လတ်တိုကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ကျေးရွာ၏မြေအနေအထားအရ မြေပြန့်ဧရိယာပေါများပြီး တောင်ကုန်း၊ တောင်တန်းပေါများသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပြီး ကျေးရွာအနီးတွင် တော တောင်၊ မြစ်ချောင်းများရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာတည်ရှိရာသည် တောင်တန်းဒေသဖြစ်၍ မုန်တိုင်းများ ဝင်ရောက်မှုမှ ကင်းလွတ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတွင် သစ်တောများပြုန်းတီးမှုများလာပြီး တိရစ္ဆာန်များမှီခိုရာ နည်းပါးလာသောကြောင့် တိရစ္ဆာန်မျိုးစိတ်များမှာလည်း သုံးတစ်ပုံခန့်သာ ရှိသည်။ အခြားသော သတ္တု၊ ခဲ စသည့် သယံဇာတ တွင်းထွက်များ ထွက်ရှိမှု အနည်းငယ်ရှိသည်။ ဆည်ရေ၊ မြစ်ရေ၊ စမ်းရေနှင့် မြေအောက်ရေများမရရှိနိုင်သလို ရေအရင်းမြစ်ရရှိနိုင်သည့်နေရာလဲမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များကို အသင့်အတင့် တွေ့ရှိနိုင်ပါသေးသည်။ သဘာဝအပင်မျိုးစိတ်များ၊ ဆေးဘက်ဝင်အပင်များမှာ ယခင်ကထက် ရရှိနိုင်မှုနည်းပါးလာပါသည်ကို တွေ့ရသည်။ သို့ရာတွင် ဆေးဘက်ဝင်ပင်များကို အသုံးပြုသူနည်းပါးပါသည်။ အကြောင်းအရင်းမှာ အဆင်သင့်ဖော်စပ်ပြီးသော ဆေးများကိုသာ အသုံးပြုမှုများခြင်းကြောင့်ဖြစ်သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကြက်ပေါင်ချောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၅) အိမ်ရှိပြီး လူဦးရေပေါင်း (၃၂၈)ဦးရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ ကာလသား၊ ကာလသမီးအဖွဲ့ စသည်တို့သည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့တစ်ဖွဲ့ချင်းသည် စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကြက်ပေါင်ချောင်းကျေးရွာတွင် ၂.၅ ဧကမှ ၅ ဧကထိ တောင်သူငယ် (၃၁) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁၁) အိမ်ထောင်စု စသည်တို့ရှိကြပြီး ရော်ဘာနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာပိုင်ဆိုင်မှုမှာ အိမ်ထောင်စု တစ်စုလျှင် အနည်းဆုံး (၂) ဧက အထိ ပိုင်ဆိုင်ကြပြီး အများဆုံး (၇၀) ဧက အထိ ပိုင်ဆိုင်ကြသည်ကို တွေ့ရပါသည်။

ကြက်ပေါင်ချောင်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်သည်။ ထို့အပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်နေကြသည့် အိမ်ထောင်စုများမှာ အထွက်နှုန်းအားဖြင့် မနည်းသော်လည်း ရော်ဘာဈေးနှုန်းကျ ဆင်းနေသောကြောင့် စီးပွားရေး တွက်ချေမကိုက်ပေ။

စိုက်ပျိုးနည်းစနစ်များမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သဖြင့် ကျန်ရှိသော ခြံမြေဧကများတွင် စိုက်ပျိုးထားသော အသီး မသီးသေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်နိုင်ကြပေ။ မြို့ကြီးများနှင့် အလှမ်းဝေးသောကြောင့် သီးနှံမျိုးစေ့ ရရှိနိုင်မှု၊ သဘာဝမြေဆွေး / အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။ ဥယျာဉ်ခြံ စိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကြက်ပေါင်ချောင်းကျေးရွာတွင် နွားမွေးမြူသည့်အိမ်ထောင်စု (၁၇)အိမ်ထောင်စု ရှိပြီး စုစုပေါင်း နွားကောင်ရေ (၄၉) ကောင် ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စု (၆၀) စုရှိပြီး ကျန်အိမ်ထောင်စုများမှာ အိမ်တွင်းမွေးမြူခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင် တစ်ပိုင်တစ်နိုင် မွေးမြူထားသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိနိုင်ခြင်းကြောင့် ဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ခြင်းများ အားနည်းပါသည်။ ကျေးရွာတွင် မည်သည့်အသင်းအဖွဲ့ / ဌာနများမှလည်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ချေးငွေထုတ်ချေးခြင်းမရှိပါ။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရန် လုံလောက်သော ချေးငွေပမာဏ၊ နည်းပညာသင်တန်းများရရှိပါက ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းကို ပိုမို လုပ်ကိုင်လာနိုင်မည်သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကြက်ပေါင်ချောင်းကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် နေ့စား၊ ကျပန်းလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ထိုင်းသို့သွား၍ အလုပ်လုပ်ခြင်းနှင့် ရာသီပေါ်သီးနှံများရောင်းဝယ်ခြင်းလုပ်ငန်းများရှိပါသည်။

စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ ဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄)နာရီ လျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကြက်ပေါင်ချောင်းကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင် ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကြက်ပေါင်ချောင်းကျေးရွာသည် မြို့နှင့်အလှမ်းဝေးသဖြင့် သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်ဆိုင်ကယ် (၄၃) စီး၊ မော်တော်ကား (၃)စီးနှင့် နွားလှည်း (၅)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်မြေသားလမ်းသည် မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ရန်ပုံငွေများရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကြက်ပေါင်ချောင်းကျေးရွာ၏ ယခုလက်ရှိတွင် ဓါတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု (၂၅) စု ရှိပြီး၊ ကျန်အိမ်ထောင်စု (၄၀)စုမှာ ငွေကြေးမတတ်နိုင်သဖြင့် ဖယောင်းတိုင်၊ ရေနံဆီမီးခွက်တို့ကို သုံးစွဲနေရပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကြက်ပေါင်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးအားဖြင့် အထိုင်ဖုန်းများသာ လိုင်းကောင်း၍ လက်ကိုင်ဖုန်းများမှာ လိုင်းမကောင်းပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂) လုံး၊ ရေဒီယို (၁) လုံး၊ တီဗွီ (၃၁) လုံး၊ ဂြိုလ်တုစလောင်း (၁၂) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီမသိရှိနိုင်ခြင်းများရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

## ၆။ ပညာရေး

ကြက်ပေါင်ချောင်းကျေးရွာတွင် မူလတန်းအထိသာရှိပြီး ကျောင်းအဆောင်သည် အလျား(၉၀) ပေ၊ အနံ (၃၀) ပေ၊ အမြင့် (၁၀)ပေ အရှည်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်ဖြစ်သည်။ ရွာသားအားလုံးသည် ရေးတတ်ဖတ်တတ်အဆင့်ရှိကြပြီး ကျေးရွာတွင် ကျောင်းသား/သူများသည် မူလတန်းပြီးဆုံးသည်အထိ ပညာသင်ယူကြပါသည်။ ကျေးရွာ၏မူလတန်းအောင် ရာခိုင်နှုန်းမှာ ၃၃.၃၄%၊ အလယ်တန်းအောင် ရာခိုင်နှုန်းမှာ ၁၀.၂၂% နှင့် အထက်တန်းအောင် ရာခိုင်နှုန်းမှာ ၁.၃၃% သာရှိပြီး ကျေးရွာနှင့် (၁၇) မိုင်ကွာဝေးသည့် တောင်သုံးလုံးကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်သင်ကြားရပါသည်။ တက္ကသိုလ်ပညာပြီးဆုံးသူလူဦးရေမှာ (၁)ဦးသာရှိသဖြင့် ပညာတတ်အရေအတွက် အလွန်ပင်နည်းပါးကြောင်းတွေ့ရှိရပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာဆည်းပူးရန် လမ်းပမ်းဆက်သွယ်ရေးအခက်အခဲရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် မူလတန်းဖြင့်ပင် ပညာရေးပြီးဆုံးသည်မှာ များနေရခြင်းဖြစ်သည်။

ကြက်ပေါင်ချောင်းကျေးရွာရှိ မူလတန်းစာသင်ကျောင်းသည် ကျေးရွာအတွင်းတွင်ရှိသောကြောင့် ကျောင်းသား/သူများ ခြေလျင် ၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ များပြားလာသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။ စာသင်ကျောင်း၏ အမိုး၊ နံရံ၊ အခင်း သည်လည်း ပျက်စီးမှုများရှိပြီး ပြန်လည်ပြုပြင်ရန်နှင့် ကျောင်းခြံစည်းရိုးကာရန်ရန်၊ ဆရာ/ဆရာမများအတွက် (၂) ခန်းတွဲ ဝန်ထမ်းအိမ်ယာတစ်လုံးတည်ဆောက်ရန် လိုအပ်နေပါသည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။

**၇။ ကျန်းမာရေး**

ကြက်ပေါင်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့် (၄)မိုင် ကွာဝေးသည့် ဟိန္ဒားကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသကြရပါသည်။ ရောဂါပြင်ထန်းမှုရှိလာပါက (၄၀)မိုင်ကွာဝေးသည့် ထားဝယ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြသည်။ လမ်းပမ်းဆက်သွယ်ရေး ဝေးလံလှသဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည်အထိရှိနေပါသည်။ ကျေးရွာ၏ကျန်းမာရေးဝန်ဆောင်မှုအတွက် ဟိန္ဒားကျေးရွာမှ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးရွာအထိ လိုအပ်သည့်ကာကွယ်ဆေးများအားလာရောက်ထိုးပေးလျှက်ရှိပြီး အာဟာရပညာပေးအစီအစဉ်များလည်း ဟောပြောပေးလေ့ရှိပါသည်။

ကြက်ပေါင်ချောင်းကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၅) တွင်း ရှိပါသည်။ မိုးရာသီတွင် သောက်သုံးရေ လုံလောက်သော်လည်း နွေရာသီတွင် မလုံလောက်သည့် အခက်အခဲများဖြစ်နေပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၂၆)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြဘဲ ကျင်းအိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်ခြင်းများကို ပြုလုပ်ရကြပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်ရန် ငွေကြေးများပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးပါလျှင် ကျေးရွာ၏ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကြက်ပေါင်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း သွင်းအားစုများဝယ်ယူရခြင်း၊ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှု လျော့နည်းပါသည်။ အချို့အိမ်ထောင်စုများသည် တောင်ယာစနစ်ကို စိုက်ပျိုးကြသောကြောင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပြီး

တီဘီရောဂါလူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများမရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများ ဖြစ်ပွားခြင်းမရှိပေ။

ကျေးရွာ၏မြေဆီလွှာအနေအထားသည် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးကာလတွင် လောင်မီးပိုးများ၊ ရွက်လိပ်ပိုးနှင့် ကြွက်များဖျက်စီးခြင်းကြောင့် ပျက်စီး ဆုံးရှုံးမှုရှိပါသည်။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါ က ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စု အနည်းငယ်ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့် စီမံချက်များမရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန်နှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကြက်ပေါင်ချောင်းကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ ခွဲခြားမှုမရှိပါ။ ကျား/မဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ သို့သော်လည်း ကြက်ပေါင်ချောင်းကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။

ကျေးရွာ၏ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများသိရှိမှု အားနည်းကြပါသည်။ ကျေးရွာသူ/သားများသည် အခြေခံပညာအားနည်းခြင်းကြောင့် ကျား-မတန်းတူညီမျှမှုအား အမျိုးသမီးရေးရာဥပဒေနှင့်ပတ်သက်၍ အသိပညာပေးများ မြှင့်တင် ဆောင်ရွက်ပေးပါက အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိလာ၍ အမျိုးသမီးဆိုင်ရာဥပဒေများ နားလည်သိရှိလာပြီး ကဏ္ဍအသီးသီးတို့အတွက် များစွာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပေမည်။

## ၁၀။ ကြက်ပေါင်ချောင်းကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဟိန္ဒား | | | ကျေးရွာအမည် - ကြက်ပေါင်ချောင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ငွေကြေး | အသေးစားငွေကြေးဝန်ဆောင်မှု | စိုက်ပျိုးရေးချေးငွေများ ရရှိအောင် သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် နှစ်ရှည်သီးနှံများ (ရာဘာ၊ ကွမ်းသီး)စိုက်ပျိုးခြင်း နည်းပညာများအား သင်တန်းပေးခြင်း | |
| ၃ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာဆိုင်ရာ သင်တန်းများပေးခြင်း။ | |
| ၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး | ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | |
| ၅ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း | ကျန်းမာရေးဆေးပေးခန်းချထားခြင်း။ | |
| ၆ | ကျန်းမာရေး | သားဖွားဆရာမ၊ ကျေးလက်ကျန်းမာရေးမှူး | ကျန်းမာရေးဝန်ထမ်းများ ချထားပေးခြင်း။ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂဖြည့်ဆည်းခြင်း၊ ကျောင်းအိမ်သာဆောက်လုပ်ခြင်း၊ (၁၅၀ ပေ)ပတ်လည်ရှိသော ကျောင်းခြံစည်းရိုးကာရံခြင်း။ | |
| ၈ | အခြေခံအဆောက်အဦ | ကျေးလက်မီးလင်းရေး | တစ်အိမ်သာသုံးဆိုလာမီးတပ်ဆင်ခြင်း | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများအား ကျောက်ချောလမ်း ပြုလုပ်ခြင်း | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းဘေးဝဲယာရေမြောင်းများ၊ ရေပြွန်များ ဆောင်ရွက်ခြင်း | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်အိမ်ယာ | ဆရာ/ဆရာမများနေရန် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | |
| ၁၂ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | စာကြည့်တိုက်ဆောက်လုပ်ခြင်းနှင့် စာပေအသိပညာပေးဟောပြောပွဲများ စီစဉ်ခြင်း | |

# ကြက်ပေါင်ချောင်းကျေးရွာ၊ ဟိန္ဒားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှထွေး | ဦးဒူးလာ | ၆/ထဝန(နိုင်)၁၀၆၀၂၅ | ၆၇ | ဥက္ကဋ္ဌ | - |
| ၂ | ဦးထွန်းလှအေး | - | ၆/ထဝန(နိုင်)၀၇၉၀၇၅ | ၆၂ | အတွင်းရေးမှူး | - |
| ၃ | ဦးကြည်ထူး | - | ၆/ထဝန(နိုင်)၀၇၁၇၉၁ | ၅၅ | စာရင်းကိုင် | - |
| ၄ | ဦးသန့်ဇင်မျိုး | - | ၆/ထဝန(နိုင်)၀၇၂၃၅၆ | ၄၅ | ဘဏ္ဍာရေးမှူး | - |
| ၅ | ဦးတင်စွမ် | - | ၆/ထဝန(နိုင်)၀၇၂၃၂၁ | ၆၅ | အဖွဲ့ဝင် | - |
| ၆ | ဦးဝင်းနိုင် | - | ၆/ထဝန(နိုင်)၀၂၂၂၃၆ | ၅၃ | အဖွဲ့ဝင် | - |
| ၇ | ဦးချစ်ဆန်း | - | ၆/ထဝန(နိုင်)၀၅၂၆၂၃ | ၅၀ | အဖွဲ့ဝင် | - |
| | | | | | | - |
| | | | | | | - |
| | | | | | | - |
| | | | | | | |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၁ | ၂၂ | ၄၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၆ | ၄၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၄ | ၂၂ | ၄၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၉ | ၈၂ | ၁၆၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၁ | ၁၈ |
| **စုစုပေါင်း** | | **၁၆၀** | **၁၆၈** | **၃၂၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၅** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာတွင် အိမ်ထောင်စု (၆၅)စုရှိပြီး လူဦးရေ စုစုပေါင်း (၃၂၈)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၀၅)ဦး ရှိပါသည်။ အသက် (၁၅နှစ်မှ ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၄၉ရာခိုင်နှုန်းခန့်ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ စုစုပေါင်း (၅၁) ရာခိုင်နှုန်းခန့်သည် မှီခိုသူများဖြစ်ကြသည်။ သို့သော်လည်း ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၅ | ၁၄၃ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၅ | ၁၄၃ | - | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"**

ကဏ္ဍ၏ **“ကိုယ်ပိုင် လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကြက်ပေါင်ချောင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း (ဥယျာဉ်ခြံလုပ်ငန်း)တွင် လုပ်ကိုင်ကြသူမှာ (၆၅) အိမ်ထောင်စုရှိပြီး အခြား ဒေသများ ( ပြည်တွင်း၊ ပြည်ပ ) များသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများမရှိပါ။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဥယျာဉ်ခြံလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာတွင် အများအားဖြင့် လယ်ယာ လုပ်ငန်း ခွင်တွင် အလုပ်ဆင်းကြသူများ ဖြစ်ကြပါသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၆၆၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၆၆၀** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာရှိ အိမ်ထောင်စုအများစုသည် ဥယျာဉ်ခြံ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက် ရေလုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ခဲ စသည်။) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်း အမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ကျေးရွာတွင် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ၊ သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)မှာ ရရှိနိုင်မှုနည်းလာပြီး လက်လှမ်းမီမှု ခက်ခဲ လာသည်ကို တွေ့ရှိရပါသည်။

## (ဃ) ဉစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | နည်း | အလွန်နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၁** | **၁၆** | **၂၇** | **၁၁** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကြက်ပေါင်ချောင်းကျေးရွာတွင် ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ် အကဲဖြတ်သော ဉစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရသိရှိခဲ့ရပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၅၈)ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိ ရပါသည်။ ဓနဉစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဉစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = __________ |
| ၃ လနှင့် ၆ လကြား | ၈ | အခြားအစာပြောင်းလဲစား= __________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ၈<br>လုပ်အားခကြိုယူ = ၈ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဉစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကြက်ပေါင်ချောင်းကျေးရွာရှိ ဉစ္စာခနအဆင့် ၃နှင့် ၄ အိမ်ထောင်စု ပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စုပေါင်း၏ (၂၇) ရာခိုင်နှုန်းမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင်စားသောက်နိုင်ပြီး (၇၂)ရာခိုင်နှုန်းမှာ (၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၄ | ၁၀ | ၁၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၅ | ၂ | ၇ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၄)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၁)စု ရှိပါသည်။ ကျေးရွာတွင် ကျေးရွာသူ/သား အချင်းချင်း အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီကြသည်ကို တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကြက်ပေါင်ချောင်းကျေးရွာတွင် မီးဘေး၊ သစ်တောဖြုန်းတီးခြင်း၊ ငှက်ဖျားရောဂါများသည် တစ်ခါတစ်ရံ ဖြစ်ပွားမှုရှိပြီး ထိခိုက်မှုများလည်း ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးမှာ ထားဝယ်မြို့နှင့် (၄၀)မိုင်ခန့်ကွာဝေးသောကြောင့် သွားလာရအလွန်ခက်ခဲသည်ကို တွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | accident) တွင် နေထိုင်သူများ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
